ဆရာ နိုင်ဇော်၏ ဥပယျာဇဉ်

ကနေဒီးယန်း-အမေရိကန် စာရေးဆရာ ဆောလ်ဘယ်လိုရဲ့ "Handerson the Rain King" “ဟန်ဒါဆင် မိုးမင်း” စာအုပ်ကို “မိုးပဇ္ဇုန်ရှင်” အမည်နဲ့ ဘာသာ ပြန်ပြီး ဝေမျှလိုက်ပါတယ်။ သည် စာအုပ်ကို လွန်ခဲ့တဲ့ နှစ်ပေါင်း ၃၅ နှစ်ကျော် လောက်ကတည်းက ကျွန်တော် ဖတ်ဖြစ်ခဲ့တာပါ။ မှတ်မှတ်ရရ ၁၉၈၃ ခုနှစ် မေလ အဆန်းပိုင်း အလုပ်သင် ဆရာဝန် ကာလ အပြီး ရန်ကုန်ကို ဆရာဝန် မှတ်ပုံတင် ထုတ်ဖို့ လာခဲ့စဉ် ဆူးလေ ဘုရားလမ်း ပလေဒီယမ် ရုပ်ရှင်ရုံ နံဘေးက ကုန်သွယ်ရေး အမှတ် ၉ စာအုပ် အရောင်းဆိုင် (ယခု တစ် ဘလောက်လုံး ထရေးဒါ ရှန်ဂရီလာ နေရာ) ကနေ ဝယ်ယူခဲ့တဲ့ စာအုပ် ဖြစ်ပါတယ်။ နှစ်နှစ်သက်သက် ဖတ်ဖြစ်ခဲ့ပြီး စိတ်ထဲလည်း မှတ်မှတ်ထင်ထင် နေရာ ယူဖြစ်သွားတယ် ဆိုရမှာပါ။ ကြားထဲမှာ နှစ်ပေါင်း များစွာ ကြာ သွားပြီး ဘဝတွေ မျိုးစုံ ကျင်လည် ဖြတ်သန်း ခဲ့ရသော်လည်း ဟောသည့် စာအုပ်ဟာ ကျွန်တော့် စိတ်နှလုံးထဲမှာ တစ်နည်း မဟုတ် တစ်နည်း အမြဲပဲ ရှိနေခဲ့တာပါ။ ပြောရရင် စာအုပ်ရဲ့ သက်ရောက်မှုက ကျွန်တော့် အပေါ် သေချာပေါက် ရှိခဲ့ပုံ ရပါတယ်။ တစ်ချိန် တစ်ခါ အခွင့် ကြုံရင်ဖြင့် ဘာသာ ပြန်မယ်လို့လည်း စိတ်ကူး အိပ်မက် မက်ဖြစ်ခဲ့တဲ့ အထိ လွှမ်းမိုး နိုင်ခဲ့တဲ့ စာအုပ်ပါပဲ။

အဲသလိုသာ စိတ်ကူး အိပ်မက် မက်ဖြစ်ခဲ့တာ လက်တွေ့ ခရီး တွင်ဖို့ ချီတုံချတုံနဲ့ အကြာကြီး စောင့်ဆိုင်း ချိန်ဆခဲ့ရပါတယ်။ မူရင်း စာအုပ် ရေးသားခဲ့တဲ့ စာရေးဆရာ ဆောလ်ဘယ်လို ဆိုတာကလည်း နှယ်နှယ်ရရ မဟုတ်။ တကယ့် အကျော်အမော် တစ်ယောက်ပါ။ သူ့ နာမည် အရင်းက စောလမွန် ဘယ်လို။ ဂျူး လူမျိုးနွယ် ဖြစ်ပါတယ်။ သူ့ မိဘတွေဟာ ရုရှား နိုင်ငံ စိန့်ပီတာစဘတ် ကနေ ကနေဒါ နိုင်ငံကို ပြောင်းရွှေ့ လာခဲ့ကြပြီး ကွိဘက်က လာချင်းမှာ သူ့ကို မွေးဖွားခဲ့ကြတယ်။ သူ့ မွေးနေ့က ၁၉၁၅ ခုနှစ် ဇွန်လ ၁၀ ရက်နေ့။

အရွယ် ရောက်လာတော့ သူ့ကို အမေရိကန် ပြည်ထောင်စုမှာ စာသင် စေဖို့ ပို့လွှတ်ခဲ့တယ်။ မင်နီဆိုတာ တက္ကသိုလ်၊ နယူးယောက် တက္ကသိုလ်၊ ပရင့်စ်တန်၊ ရှီကာဂိုနဲ့ ဘောစတန် တက္ကသိုလ်တွေမှာ ပညာ သင်ခဲ့ပါတယ်။ နောင်တော့ ဘောစတန် တက္ကသိုလ်မှာ အင်္ဂလိပ်စာ ပါမောက္ခတောင်မှ ဖြစ်လာခဲ့ပါတယ်။ အင်္ဂလိပ်စာ ပါမောက္ခ ဖြစ်လာပေမဲ့ ဆောလ်ဘယ်လို ယူခဲ့တဲ့ ဘွဲ့ကြို ဒီဂရီကတော့ အင်္ဂလိပ်စာ ဘာသာရပ် မဟုတ်ပါဘူး။ မနုဿဗေဒ ဘာသာရပ် ဖြစ်ပါတယ်။ မနုဿဗေဒ ဘာသာရပ်နဲ့ ဘွဲ့ရခဲ့တာက သူ ရေးတဲ့ စာအုပ်များ ရေးသားပုံ ဟန်ပန် စတိုင် အပေါ် အများကြီး လွှမ်းမိုးမှု ရှိတယ်လို့လည်း ဆိုကြပါတယ်။ အခု ဘာသာပြန်လိုက်တဲ့ “ဟန်ဒါဆင် မိုးမင်း” စာအုပ်မှာလည်း အဲသည့် အထောက်အထား သက်သေ သာဓကများ တွေ့ရမှာပါ။

သူ့ရဲ့ အထင်ရှားဆုံး စာပေ လက်ရာတွေထဲမှာ “ဩဂီမာ့ချ်ရဲ့ စွန့်စားခန်းများ” “ဟန်ဒါဆင် မိုးမင်း” “ဟားဇော့” “မစ္စတာ ဆမ္မလာရဲ့ ဂြိုလ်ကမ္ဘာ” “နေ့ကို ဖမ်းချုပ်” “ဟမ်းဘိုလ်ရဲ့ လက်ဆောင်” နဲ့ “ရာဘယ်လ်စတိန်း” တို့ ပါဝင်ကြပါတယ်။

ဆောလ်ဘယ်လိုဟာ ၂၀ ရာစုရဲ့ အကြီးကျယ်ဆုံး စာရေးဆရာများ အနက် တစ်ဦး အပါအဝင် ဖြစ်တယ်လို့ မှတ်ယူကြပါတယ်။ ပူလစ်ဇာဆု၊ စာပေဆိုင်ရာ နိုဘယ်ဆု၊ အမေရိကန် ပြည်ထောင်စု အနုပညာဆိုင်ရာ ဆုတံဆိပ်များ အမျိုးမျိုးပဲ ချီးမြှင့် ခံထားရသူ ဖြစ်ပါတယ်။ အမေရိကန် ပြည်ထောင်စုရဲ့ စိတ်ကူးယဉ် စာပေ ဆိုင်ရာ အမျိုးသား စာအုပ်ဆုကို သုံးကြိမ် တိုင်တိုင် ဆွတ်ခူး ရရှိခဲ့သူလည်း ဖြစ်ပါတယ်။ ၁၉၉၀ ပြည့်နှစ်မှာ အမျိုးသား စာအုပ် ဖောင်ဒေးရှင်းက အမေရိကန် စာပေရေးရာ အပေါ် အထူးတလည် စွမ်းဆောင် ဖြည့်ဆီးပေးခဲ့ခြင်း အတွက် တစ်သက်တာ ဆုတံဆိပ်ကို အပ်နှင်းခဲ့ပါတယ်။

၁၉၇၆ ခုနှစ်မှာ စာပေဆိုင်ရာ နိုဘယ် ဆုကို ရရှိတဲ့ အခါ ဆွီဒင်နိုင်ငံ ဆုရွေးချယ်ရေး ကော်မတီက “အင်မတန် ကြွယ်ဝစွာ ပုံဖော် ရေးသား ထားတဲ့ ဝတ္ထုတွေ၊ လူ့ ယဉ်ကျေးမှုကို သိမ်မွေ့စွာ ခွဲခြမ်း စိတ်ဖြာ ထားတာတွေ၊ နှစ်သက် သဘောကျစရာ စွန့်စားခန်း၊ ရုတ်ခြည်း ဆိုသလို ပြောင်းလဲ၊ ကြေကွဲစရာလည်း ကောင်းတဲ့ ဇာတ်ကွက်တွေဟာ တစ်ခုပြီး တစ်ခု ခပ်မြန်မြန် ဝင်လာကြတဲ့ ကြားထဲမှာ ဒဿနိက အတွေးအခေါ် စကားတွေကို ညှပ် ညှပ်ပြီး ထည့်ထားတာ၊ ဒါတွေ အားလုံးကို ဇာတ်လမ်း ပြောပြသူရဲ့ သွက်လက် ချက်ခြာတဲ့ နှုတ်ပြော စကားရယ်၊ ကျွန်ုပ်တို့ကို တုန့်ပြန် လှုပ်ရှားစေတဲ့၊ ဒါမှမဟုတ် မတုန့်ပြန် မလှုပ်ရှားအောင် တားမြစ် တတ်တဲ့ ဗဟိဒ္ဓနဲ့ အဇ္ဈတ္တရဲ့ အကျိုးဆက်တွေကို ထိုးထွင်း ကြည့်မြင်ရာကနေ ဖြစ်ထွန်း ပုံပေါ် လာခဲ့ကြတယ်။ အဲဒါကိုကပဲ ကျွန်တော်တို့ ခေတ်ကာလရဲ့ ပြဿနာလို့ ဆိုရမှာပါပဲ” လို့ မှတ်ချက် ပြုခဲ့ပါတယ်။ သူ့ ဝတ္ထုတွေဟာ အဖော်မဲ့ အထီးကျန်ခြင်း စိတ်ဝိညာဉ်ပိုင်း ဆိုင်ရာ မှီခိုရာ ကင်းမဲ့ ဖြစ်တာ၊ လူသား တစ်ယောက် အမြင် အသိတွေ နိုးကြားလာတာ၊ အဲသလိုမျိုး တွေကို စူးစမ်း လေ့လာ အဖြေ ရှာပြတယ် လို့ ဆိုရမှာ ဖြစ်ပါတယ်။

“အမှန် တကယ်ပါပဲ။ ရူးသွပ် နေတဲ့ ခေတ်ကြီးမှာ ရူးသွပ်မှုနဲ့ ထိတွေ့ခြင်း မခံရဖို့ မျှော်လင့်တာဟာ ရူးသွပ်မှု တစ်မျိုးပဲ။ ဒါပေမဲ့ မရူးမသွပ် အကောင်း ပကတိ အနေအထားကို လိုက်လံ ရှာဖွေ ရတာကလည်း ရူးသွပ်မှု တစ်မျိုးပဲ ဖြစ်ပြန်တယ်” ဆိုတဲ့ သူ့ စကားက မှတ်လောက် သားလောက် ရှိလှပါပေတယ်။ ထေ့ထေ့ကလေး တွေးစရာ များစေတဲ့ စကား ဆိုရမှာပါ။

အခု “မိုးပဇ္ဇုန်ရှင်” အမည်နဲ့ ဘာသာပြန်လိုက်တဲ့ မူရင်း “Handerson the Rain King” စာအုပ်ထဲက အဓိက ဇာတ်ကောင် ယူဂျင်း ဟန်ဒါဆင် ကိုတော့ ဆောလ်ဘယ်လိုက အတော် သဘော ကျခဲ့ပါတယ်။ သူ ရေးခဲ့ ဖွဲ့ခဲ့သမျှ ဇာတ်ကောင်တွေထဲမှာ သူ ကိုယ်တိုင်နဲ့ အတူဆုံး ဖြစ်တယ် လို့လည်း ဆိုခဲ့တယ်။ မာရေကြောရေ နိုင်ပြီး ထင်ရာ စိုင်းတတ်သလို အတွေး များတဲ့ အတွေး နက်ရှိုင်းတဲ့ လူတစ်ယောက် အဖြစ် တွေ့နိုင်ကြမှာ ဖြစ်ပါတယ်။

ဆောလ်ဘယ်လို ရေးဖွဲ့လေ့ ရှိတဲ့ ဇာတ်လမ်းတွေက လှုပ်ရှားမှုတွေထက် ဇာတ်ကောင်ရဲ့ တစ်ကိုယ်ရည် စူးစမ်း ရှာဖွေမှုတွေ၊ သူတို့ ကြုံရတဲ့ အခက်အခဲ ပဋိပက္ခတွေက ပိုပြီး ထင်ရှားမြဲ ဖြစ်ပါတယ်။ သူ့ရဲ့ ဇာတ်ကောင်တွေဟာ အမြဲလိုလို ဘဝနဲ့ ပတ်သက်ပြီး ဘဝင်မကျ၊ သဘော မတွေ့၊ ခံတွင်း ပျက်နေတဲ့ ပြဿနာ ပိုင်ရှင်တွေ ဖြစ်တတ်တယ်။ အချစ်ရေး ကိစ္စ ဖြစ်ဖြစ်၊ ငွေရေး ကြေးရေး အခက်အခဲ ဖြစ်ဖြစ် အဲဒါ တစ်ခုခုနဲ့ ကြုံတွေ့လိုက်ရတာက သူ့ဘဝ ဖြစ်တည် ရှင်သန် ရခြင်း အပေါ် လေးလေးနက်နက် ပြန်ပြီး ဆင်ခြင် သုံးသပ်စေမယ်။ မဖြေရှင်း နိုင်သေးတဲ့ အပေါ်မှာ မေးခွန်းတွေ ထုတ်မိမယ်။ အဖြေ တစ်ခုခု ရဖို့ လိုက်လံ ရှာဖွေပါလိမ့်မယ်။

“ကျွန်တော်တို့ဟာ အတော် ရယ်စရာ ကောင်းတဲ့ သတ္တဝါတွေ။ ကြယ်တွေကို သူတို့ရဲ့ အရှိ အမှန်တရား အတိုင်း ကျွန်တော်တို့ မမြင်နိုင်ကြဘူး။ သူတို့က သေးငယ်တဲ့ ရွှေထည် ပစ္စည်းတွေ မဟုတ်ကြဘူးလေ။ အဆုံးအစမဲ့ တောက်လောက်နေတဲ့ မီးလျှံတွေ” လို့ သူ ပြောဖူးတာ တကယ်ကို ဆင်ခြင် ကြည့်စရာပါပဲ။

ဆောလ်ဘယ်လိုဟာ ကျွမ်းကျင် ပိုင်နိုင် အနုပညာ မြောက်စွာနဲ့ပဲ နာမည်ကျော် အတွေး အခေါ် ပညာရှင်များရဲ့ အဆို အမိန့်တွေကို အကြိမ်ပေါင်း မြောက်များစွာ ကိုးကားတတ်တယ်။ ဒါပေမဲ့ အဲသလို ကိုးကားချက်တွေဟာ ဇာတ်လမ်း ဇာတ်ကွက် အရှိန်ကို မထိခိုက်စေသလို၊ ဖတ်ရှု ရတဲ့ အရသာလည်း ပျက် မသွားရအောင် ထိန်းထားနိုင်တာ တွေ့ရပါတယ်။ အဲသည့် နည်း ပရိယာယ်ရဲ့ အကောင်းဆုံး ဥပမာကို “မစ္စတာ ဆမ္မလာရဲ့ ဂြိုလ်ကမ္ဘာ” စာအုပ်မှာ တွေ့နိုင်တယ် လို့လည်း ဆိုကြပါတယ်။ ဇာတ်လမ်းက နာဇီတွေရဲ့ အစုအပြုံလိုက် မျိုးတုံး သတ်ဖြတ် သုတ်သင်တဲ့ အကျဉ်းစခန်းကနေ ကံသီလို့ လွတ်မြောက် လာခဲ့ပြီး အရာရာကို စိတ်အလိုမကျ ဖြစ်နေသူ တစ်ဦးဟာ ၁၉၆၀ ပြည့်နှစ်များဆီတုန်းက နယူးယောက်မြို့ရဲ့ ယဉ်ကျေးမှု တော်လှန်ရေး ကာလနဲ့ တွေ့တိုး ကြုံကြိုက် ရပုံ ဖြစ်ပါတယ်။ တစ်နေ့သော အခါ အဲသည့် စာအုပ်ကို မြန်မာ ဘာသာနဲ့ တစ်ယောက်ယောက်က ဘာသာပြန် ပေးတာကို ဖတ်ရဖို့လည်း မျှော်လင့်မိပါတယ်။

ဆောလ်ဘယ်လိုဟာ ခေတ်သစ် မြို့ပြ ယဉ်ကျေးမှုရဲ့ အချိုးမပြေမှုတွေကိုလည်း မီးမောင်း ထိုးပြလေ့ ရှိပါတယ်။ အဲသည့် ဘရမ်းဘတာ ဖြစ်စဉ်တွေ ကြားထဲကနေ လူသားတွေဟာ သူတို့ရဲ့ အားနည်းချက်တွေကို အောင်မြင်စွာ ကျော်လွန် ကျော်လွှား ဖြတ်သန်း ပြီးတော့ တစ်ခုခုကို စွမ်းဆောင် ပြနိုင်မယ်။ အနည်းဆုံး အနေနဲ့ အသိတရား တစ်ခုခု၊ အမြင် တစ်ခုခုကို ရရှိအောင် စွမ်းဆောင်နိုင်တတ်ကြပါတယ်။ ဆောလ်ဘယ်လိုဟာ ခေတ်သစ် မြို့ပြ ယဉ်ကျေးမှုရဲ့ အပြစ် အနာအဆာ နဲ့ အားနည်းချက် များစွာတို့ကို တွေ့ရှိ ထားသူ ဖြစ်ပါတယ်။ လူတွေကို ရူးသွပ် စေနိုင်တာ၊ ရုပ်ဝါဒ အသား ပေးတာ၊ မှားယွင်းတဲ့ အသိ၊ လွဲချော်တဲ့ သတင်း အချက်အလက်တွေ ဝေမျှတာ၊ လမ်း တိမ်းချော် သွားစေနိုင်တာ အားလုံးကို သူ ကောင်းကောင်း သိပါတယ်။

“ကန္တာရထဲကို ကျွန်တော် ပြန်ပြေး သွားရမှာလား။ မိစ္ဆာကောင် ကျွန်တော့်ထဲက ထွက် သွားပြီး လူတွေကို တစ်ချက် ကြည့်ရှုံ့နဲ့ စိတ်ပျက်လက်ပျက် မဖြစ်တော့ဘဲ လူတွေဆီ ပြန်လာဖို့ သင့်မြတ် လျော်ကန်တဲ့ အချိန် အထိ ကန္တာရ ထဲမှာပဲ နေရမှာလား။ အခုထိတော့ ကျွန်တော့်မှာ လုံလောက်တဲ့ ကန္တာရ မရှိသေးဘူး” လို့ သူ ပြောခဲ့တာ အင်မတန် လေးနက်ပါတယ်။

ဆောလ်ဘယ်လိုရဲ့ ဇာတ်ကောင်တွေ အားလုံးမှာ သူ့ရဲကောင်း ဖြစ်နိုင်တဲ့ စွမ်းရည်နဲ့ စရိုက်က ကိန်းအောင်း နေကြတာကိုလည်း တွေ့ရပါတယ်။ ဒါပေမဲ့ သူတို့ဟာ ခြောက်ပြစ်ကင်း သဲလဲစင်တွေတော့ မဟုတ်ကြပါဘူး။ ဘယ်လိုပဲ ဖြစ်စေ သူတို့ဟာ လူ့ အဖွဲ့အစည်းရဲ့ အဖျက် သဘော၊ အမှောင် အပိုင်းကို ရဲဝံ့ ရင်ဆိုင်ခဲ့ကြတာချည်းပါပဲ။ သူတို့ဟာ ဂျူးလူမျိုးတွေ ဖြစ်လေ့ ရှိသလို တစ်ခါတလေလည်း သူများနဲ့ မတူ တမူ ထူးခြားသူတွေ ဖြစ်တတ်ပါတယ်။ ဆောလ် ဘယ်လိုဟာ ဂျူး မျိုးနွယ်ပီပီ သူ့ဝတ္ထုတွေမှာ ဂျူးတွေရဲ့ ဘဝ၊ ဂျူး လူမျိုးတွေရဲ့ စရိုက် လက္ခဏာတွေကို တွေ့ရတတ်ပါတယ်။ သူကတော့ သူ့ကို “ဂျူး အနွယ် စာရေးဆရာ” လို့ ခေါ်ရင် မနှစ်သက်သော်လည်း ဒါက ညင်းပယ် မရတဲ့ အချက် တစ်ချက် ဖြစ်နေပြန်တယ်။ ဆောလ်ဘယ်လိုဟာ အမေရိကန် ပြည်ထောင်စုရဲ့ ထူးခြားတဲ့ ဝိသေသ၊ ရှင်သန် ဖွံ့ဖြိုး လှုပ်ရှား နေတာတွေကိုလည်း ဖော်ကျူး ပြတတ်ပါသေးတယ်။ သူက သူ့ရဲ့ ဘဝ အတွေ့အကြုံတွေကို သူ့ ဝတ္ထုထဲ ရောမွေ ထည့်ပြီး ရေးရတာကို နှစ်သက်တယ်။ သူ ရေးဖွဲ့သမျှ ဝတ္ထုထဲက အဓိက ဇာတ်ကောင်တွေဟာ အနည်းနဲ့ အများ ဆိုသလို သူနဲ့ တူကြတာ များတယ်။

“ဟန်ဒါဆင် မိုးမင်း” Handerson the Rain King စာအုပ်ဟာ ဆောလ်ဘယ်လိုရဲ့ ၁၉၅၉ ခုနှစ် တုန်းက စာအုပ်ပါ။ အခု မြန်မာ ဘာသာပြန် “မိုးပဇ္ဇုန်ရှင်” ထွက်တဲ့ ကာလနဲ့ နှစ်ပေါင်း ၆၀ တိတိ ခြားပါတယ်။ သည် စာအုပ်မှာက သူ့ရဲ့ အတွေးအခေါ် အယူအဆတွေကို ချပြ ဆွေးနွေး အဖြေ ရှာဖို့ ကြိုးစားသလို ဆန်းကြယ်တဲ့ စွန့်စားခန်းတွေနဲ့ ရောမွေ ထားတာ ဖြစ်ပါတယ်။ စွန့်စားတဲ့ နောက်ခံ ဒေသကလည်း အခု အချိန်ထိ အဖြေ ရှာနေရဆဲ ဖြစ်တဲ့ အာဖရိကတိုက် ဖြစ်နေပါတယ်။ အဲသည်တော့လည်း သည်စာအုပ်ဟာ သူ့ လက်ရာတွေထဲမှာ လူကြိုက် အများဆုံး စာအုပ် တစ်အုပ် အပါအဝင် ဖြစ်လာခဲ့တာ မဆန်းပါဘူး။ အင်္ဂလိပ် ဘာသာနဲ့ ရေးသား ထားတဲ့ အကောင်းဆုံး စာအုပ် ၁၀၀ မှာ သည်စာအုပ်ကိုလည်း ထည့်ပြီး စာရင်း မှတ်တတ်ကြပါတယ်။

သည် စာအုပ်ကို စာရေးသူ ဆောလ်ဘယ်လို ကိုယ်တိုင်ကလည်း အထူးပဲ နှစ်သက် ကျေနပ်ပါသတဲ့။ ဇာတ်လိုက် ဖြစ်သူ ယူဂျင်း ဟန်ဒါဆင်ဟာ ပြဿနာတွေ မျိုးစုံနဲ့ သူ့ဘာသာ ရှုပ်နေတဲ့ လူလတ်ပိုင်း အရွယ်၊ လူနေမှု အဆင့်အတန်း မြင့်မားပြီး ချမ်းသာ ကြွယ်ဝတဲ့ လူ၊ ရုပ် ကိုယ်ခန္ဓာ ဖွံ့စည်းပုံလည်း ကျန်းမာ သန်စွမ်း ကြံ့ခိုင်လှတဲ့ အကောင်ထွားထွား လူတစ်ယောက်ပါ။ ဒါပေမဲ့ သူ့ စိတ်က အနား မရ၊ ကျေနပ် ရောင့်ရဲ တင်းတိမ်မှု မရှိ ဖြစ်နေရရှာပါတယ်။ သူ့ စိတ်ဝိညာဉ်ထဲမှာ ဟင်းလင်း ကွက်လပ် တစ်ခု ဖြစ်နေတာကြောင့် အဲသည့် လစ်ဟာမှုထဲကနေ “ငါ လိုချင်တယ်၊ ငါ လိုချင်တယ်” ဆိုတဲ့ တောင်းဆိုသံဟာ မပြတ် ထွက်ပေါ် နေခဲ့တာပါ။ အဲသည့် တောင်းဆိုသံ ရဲ့ အဖြေကို ရှာတွေ့လိမ့်မယ် ဆိုတဲ့ မျှော်လင့်ချက်နဲ့ သူဟာ အာဖရိက တိုက်ကို ထွက်သွားခဲ့တယ်။

အဲသည့်ကို ရောက်တော့ ကနဦး သူ့ အဖော် ပြုလာသူတွေဆီက ခွဲထွက်ပြီး ဒေသခံ လမ်းပြ ရိုမီလာယုနဲ့ အတူ ခရီးဝေးကြီး ဆက်ခဲ့ပါတယ်။ ရိုမီလာယုက ဟန်ဒါဆင်ကို ဝေးလံ ခေါင်သီ အရပ်က အာညူဝီ မျိုးနွယ်စုဆီ ခေါ် သွားပေးခဲ့တယ်။ ဟန်ဒါဆင် လည်း အာညူဝီ ခေါင်းဆောင် ဘုရင်မရယ်၊ သူ့ နှမတော်ရယ်၊ မင်းသားကြီး တို့နဲ့ ခင်မင် သွားခဲ့ပါတယ်။ အာညူဝီတွေ သောက်သုံးရေ အဖြစ် အားထားကြတဲ့ ရေလှောင်ကန်မှာ ဖားတွေ ကပ်သင့် ပေါက်ပွားချင်တိုင်း ပေါက်ပွား နေကြတာကို ဟန်ဒါဆင်က ဖြေရှင်း ပေးဖို့ ကြိုးစားခဲ့ ရှာသော်လည်း မအောင်မြင်ဘဲ ဆိုးကျိုး နောက်ဆက်တွဲနဲ့သာ ကြုံခဲ့ရတယ်။

ဒါနဲ့ ဟန်ဒါဆင်ဟာ ရိုမီလာယုကို အဖော်ပြုပြီး ဝါရီရီ ဆိုတဲ့ နောက်ထပ် မျိုးနွယ်စု တစ်ခုဆီကို ခရီးဆက်ခဲ့တယ်။ အဲသမှာ ဟန်ဒါဆင်က စိတ်လိုက်မာန်ပါ ဆိုသလို နတ်မယ်တော် မွမ်မာရဲ့ အရုပ်ကြီးကို ထမ်းရွှေ့ ရမယ့် ပြိုင်ပွဲမှာ ဝင်နွှဲပြီး အနိုင် ရခဲ့တယ်။ အဲသလိုနဲ့ သူဟာ ဝါရီရီတွေရဲ့ “မိုးမင်း/မိုးဘုရင်” ဖြစ်လို့ လာခဲ့တယ်။ ဝါရီရီတွေရဲ့ ဘုရင် ဒါဖူးက ခေတ်မီ အနောက်တိုင်း ပညာတွေ သင်ယူဖူးတဲ့ သူ ဖြစ်နေတော့ သူတို့ နှစ်ယောက် အင်မတန် ခင်မင် ရင်းနှီး သွားကြတယ်။ အတွေးအခေါ် အယူအဆတွေ ဆွေးနွေး အဖြေရှာ ကြည့်ကြတယ်။

ဒါဖူး ဘုရင်ရဲ့ တာဝန် တစ်ခုက သူ့ ခမည်းတော်ရဲ့ ဝိညာဉ် ဝင်စား ထားတယ် ဆိုတဲ့ ခြင်္သေ့ တစ်ကောင်ကို ရအောင် ရှာဖွေ ဖမ်းဆီး ရမှာ ဖြစ်နေတယ်။ အကြောင်းမလှစွာနဲ့ပဲ အဲသည့် ခြင်္သေ့ ဖမ်းပွဲဟာ အောင်မြင်မှု မရဘဲ လွဲမှား တိမ်းချော် သွားခဲ့တယ်။ ဒါဖူး ဘုရင်လည်း သေလောက်အောင် ဒဏ်ရာ ရရှိ သွားခဲ့တာ ဖြစ်တယ်။ ဒါဖူး ဘုရင် ကွယ်လွန်တဲ့ အခါ အရိုက်အရာ ဆက်ခံ ရမှာက မိုးမင်း/ မိုးဘုရင် ဖြစ်တဲ့ သူပဲ ဆိုတာကို ဟန်ဒါဆင် သိလိုက်တဲ့ အခါမှာတော့ သူ့ အနေနဲ့ လက်လွတ် ထွက်ပြေးဖို့သာ ရှိပါတော့တယ်။ သူက ဘုရင် တစ်ပါး အဖြစ် ရာဇပလ္လင်ပေါ် လှမ်းတက်ဖို့ကို စိတ်မှ မဝင်စားဘဲလေ။ သည်လိုနဲ့ ဟန်ဒါဆင်ဟာ ဝါရီရီတွေဆီက ထွက်ပြေးခဲ့ရပြန်တယ်။ ဟန်ဒါဆင် တစ်ယောက် သူ့ရဲ့ စိတ်ဝိညာဉ်ပိုင်း ဆိုင်ရာ ကျေနပ် နှစ်သက် တင်းတိမ်မှု အပြည့်အဝ ရရှိခဲ့တယ်၊ မရရှိခဲ့ဘူး ဆိုတာ ရေရေရာရာ မသိရ သော်လည်း ဇာတ်သိမ်းဟာ စိတ်တက်ကြွစရာ၊ အကောင်း မြင်တဲ့ ဘက်ကို ဦးတည်ထားတာ တွေ့ရမှာပါ။ တစ်နည်းအားဖြင့် ဇာတ်သိမ်းကွက် လှတယ် ဆိုရပါမယ်။

ဟန်ဒါဆင် ဝတ္ထုထဲက အဓိက ဇာတ်ကောင်ဟာ အသက်အရွယ်အားဖြင့် သိပ်ကြီး ငယ်ရွယ် နုပျိုလှတယ် မဟုတ်တော့သော်လည်းပဲ ရင့်ကျက်မှုကို ရရှိနိုင်ခဲ့တယ်။ လူတစ်ယောက် အနေနဲ့ ကြိုးစား အားထုတ်မှုသာ ရှိခဲ့ရင် သူ့ရဲ့ စိတ်ဝိညာဉ်၊ သူ့ရဲ့ ကိုယ်ခန္ဓာနဲ့ ပြင်ပ ကမ္ဘာ လောကတို့ဟာ ရန်သူ ပြိုင်ဘက်တွေ မဟုတ်ကြဘဲ အချင်းချင်း အပေးအယူ မျှမျှတတ ဖြစ်အောင် နေနိုင်တယ်။ အဲသလိုနဲ့ စိတ်နှလုံးဟာ အသစ် တစ်ဖန် ပြန်လည် မွေးဖွားနိုင်တယ် ဆိုတာ သူ နားလည် သွားခဲ့တယ်။ သူက ပကတိ သန့်စင်ပြီး ဖျက်ဆီး နှောက်ယှက် မခံရသေးတဲ့ သဘာဝ အရှိတရားကို ရှာဖွေခဲ့တာ။ သူ့ရဲ့ စွန့်စား ရှာဖွေ ခရီးစဉ်ဟာ သူ့ စိတ်နှလုံးက လိုလား တောင်းတ နေတာကို ရရှိ သွားခဲ့တယ် လို့လည်း ဆိုနိုင်ပါတယ်။

ဟောသည် “မိုးမင်း” စာအုပ်ကို အချစ် အလွမ်း အမော စာအုပ် လို့ ပြောလို့လည်း ရနေပြန်တယ်။ အချစ်ကို သူ ကိုင်တွယ် ရေးဖွဲ့ ပြပုံကတော့ သမားရိုးကျ မဟုတ်ဘဲ တစ်မျိုး ဆန်းကြယ်နေတာ ဖြစ်ပါတယ်။ “အချစ်ဆိုတာ တမင်တကာ ရည်ရွယ် ရွေးချယ် ယူနိုင်တယ် လို့ ထင်ရင် အချစ်စစ်ရဲ့ အဓိပ္ပါယ်ကို ဘယ်လို လုပ်ပြီး သိနိုင်တော့မှာလဲ။ ချစ်စရာ ရှိတာကို ချစ်ရုံသက်သက် ချစ်လိုက်ပါ။ ဒါ လုံလောက်ပါပြီ။ သဘာဝ တရားရဲ့ စွမ်းပကား။ တားမနိုင် ဆီးမရတဲ့ အရာလေ” ပါတဲ့။ ဟောသည် “မိုးမင်း” စာအုပ်မှာ သင်္ကေတ သဘောတွေက အတော်လေး ပေါပေါများများ ပါနေတာကြောင့် မူရင်း စာရေးသူ ဆောလ်ဘယ်လိုက သူ့ ဝတ္ထု ထဲမှာ ပါတဲ့ သင်္ကေတတွေကို သိပ်ကြီး အကျယ်တဝင့်နဲ့ နက်နက်ရှိုင်းရှိုင်း ရှာဖွေ အနက်ပြန် မကြည့်ကြဖို့ မေတ္တာ ရပ်ခံခဲ့ ပါသေးတယ်။ သည် စာအုပ်မှာ ဒဿနိကဗေဒ ဆိုင်ရာ အတွေးအခေါ်တွေလည်း ဖောဖောသီသီ ပါပြန်တယ်။ ဟန်ဒါဆင်နဲ့ ဒေသခံတွေ ဆွေးနွေး ပြောဆိုကြတာ၊ ဟန်ဒါဆင်ရဲ့ ခေါင်းထဲမှာတင် အပြန်အလှန် အခြေအတင် စဉ်းစား ကြည့်တာတွေ အများကြီး တွေ့ရပါတယ်။ အဲသလိုမျိုး ဘဝ အဓိပ္ပါယ်ကို ရှာဖွေပုံတွေကို ဆောလ်ဘယ်လို ရဲ့ ဟားဇော့ (၁၉၆၄) စာအုပ်မှာလည်း တွေ့ရပြန်တယ်။

ဆောလ်ဘယ်လိုရဲ့ ဝတ္ထုတွေမှာ သေခြင်းတရားရဲ့ အခန်းကဏ္ဍကလည်း အရေးကြီးစမြဲ ဖြစ်တယ်။ အခု “ဟန်ဒါဆင် မိုးမင်း” စာအုပ်မှာလည်း သေခြင်းတရားကို အထင်အရှား တွေ့ရတယ်။ “အရှိအမှန် တရားကို ရှင်းလင်း ဖွင့်ဆိုပြသူ” တစ်ယောက်လည်း သူ့ ဝတ္ထုတွေမှာ ပါလေ့ ရှိတယ်။ သည်စာအုပ်မှာတော့ ဒါဖူး ဘုရင်က အဲသည့် တာဝန်ကို ယူပေးခဲ့ပါတယ်။

ဆောလ်ဘယ်လိုရဲ့ ဘဝကလည်း စိတ်ဝင်စားစရာပါ။ အထူးသဖြင့် အိမ်ထောင် ၅ ခါ ပြုခဲ့တာက မှတ်မှတ်ရရ ပြောစရာ တစ်ခုပါ။ နောက်ဆုံး အိမ်ထောင်ပြုတဲ့ ဂျဲနစ္စ ဖရီးဒ်မင်းက သူ့ထက် နှစ် ၄၀ လောက် အသက် ငယ်တာပါ။ ဆောလ်ဘယ်လို အသက် ၈၄ နှစ်မှာ သမီးလေး တစ်ယောက် မွေးဖွားခဲ့သေးတာ ဖြစ်ပါတယ်။ ၂၀၀၅ ခုနှစ် ဧပြီလ ၅ ရက် အသက် ၈၉ နှစ်မှာ ကွယ်လွန်ခဲ့ပါတယ်။

ကျွန်တော့် အနေနဲ့ “ဟန်ဒါဆင် မိုးမင်း” စာအုပ်ကို ကောက်ကိုင် နိုင်ခဲ့ပေမဲ့ အချိန် အတော် ယူပြီး ထုံ့ပိုင်း ထုံ့ပိုင်း ဘာသာပြန်ခဲ့ရတာပါ။ သုံးနှစ် ကျော်လောက် ကြာအောင် မဂ္ဂဇင်း အခန်းဆက် ဝတ္ထုရှည် အဖြစ် စိတ်ပါလက်ပါ ဖော်ပြ ပေးခဲ့တဲ့ Health for All မဂ္ဂဇင်းက အယ်ဒီတာ ဆရာ ဒေါက်တာ မြင့်သန်း၊ ဆရာ မောင်မျိုးဆင့်တို့ရယ်၊ သရုပ်ဖော်ပုံများ လစဉ် ရေးပေးခဲ့ပြီး အခု စာအုပ် မျက်နှာဖုံးကိုလည်း ရေးဆွဲ ပေးခဲ့တဲ့ ဆရာ မှတ်သုံ့ရယ်၊ စာအုပ်ကို သပ်ရပ်စွာ ပုံဖော် ပေးခဲ့တဲ့ မုဒိတာ ပုံနှိပ်တိုက် ပိုင်ရှင် အင်ဂျင်နီယာ ဦးသိန်းထွန်း တို့ကို ကျေးဇူးတင် စကား ဆိုရမှာ ဖြစ်ပါတယ်။

သည် စာအုပ်ကို ဘာသာပြန် ဖြစ်ခဲ့ခြင်းဟာ ကျွန်တော့် အတွက်တော့ စိတ် ကျေနပ်စရာ ပါပဲ။ စာဖတ်သူများလည်း တစ်စုံတစ်ခုသော ခံစားချက် ရရှိကြမယ် ဆိုရင် အားထုတ်ရကျိုး နပ်ပါပြီ။

နိုင်ဇော်

၂၀၁၉ ခုနှစ် ဇူလိုင် ၂၉ ရက်